# နိုင်ငံခြားသားပညာသင်ကျောင်းသားများအတွက် ကျောင်းလျှောက်ရန် လိုအပ်သောစာရွက်စာတမ်းများ

**လိုအပ်သော အချက်အလက်များ**

- **ကျောင်းလျှောက်ထားလိုသူများသည် အောက်ပါအချက်အလက်များနှင့်ကိုက်ညီရပါမည်။**

| | |
|---|---|
| ၁။ | **လျှောက်လွှာမတင်မီ ကျောင်းသို့ လာရန်လိုအပ်ပါသည်။**<br>▪ ကျောင်းမိတ်ဆက်ပွဲနှင့် လိုအပ်သော စာရွက်စာတမ်းများကို အသေးစိတ်ရှင်းပြမည်ဖြစ်သည်။<br>▪ ကျောင်းသို့မလာမီ ကျောင်းသို့အကြောင်းကြားရမည်။ |
| ၂။ | ဂျပန်နိုင်ငံ၏ အထက်တန်းကျောင်းနှင့် ကိုက်ညီသော ပညာသင်နှစ်ရှိသောသူ (၁၂ နှစ် နှင့် အထက် ပညာသင်နှစ်ရှိသူ) |
| ၃။ | ဂျပန်စာကို ကျွမ်းကျင်စွာတတ်မြောက်ထားသူ (အောက်ပါအချက် ၅ ခုအနက်မှ တစ်ခုခုနှင့် ကိုက်ညီရပါမည်။)<br>(က) ဂျပန်စာသင်တန်းကျောင်းတွင် (၆)လနှင့်အထက် ဂျပန်စာသင်ကြားထားသူ<br>(ခ) ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ N1 (Level 1)(သို့) N2 (Level 2)ကို အောင်မြင်ထားသူ<br>(ဂ) ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရမှတ်(၂၀၀) နှင့်အထက်ရှိသောသူ<br>(ဃ) BJT Business ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ ရမှတ်(၄၀၀)နှင့် အထက်ရှိသောသူ<br>(င) ဂျပန်နိုင်ငံ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းများတစ်ခုခုတွင် (၁)နှစ်နှင့်အထက် ပညာသင်ကြားထားသူ<br>▪ **ဘာသာရပ်အားလုံးမှာ ဂျပန်စာဖြင့် သင်ကြားမည်ဖြစ်သည်။**<br>▪ **ဂျပန်စာအရည်အချင်းကို နှုတ်ဖြေစာမေးပွဲတွင် စစ်မည်ဖြစ်သည်။** |
| ၄။ | ကျောင်းတက်နေစဉ်အတွင်း ကျောင်းလခနှင့် နေ့စဉ်အသုံးစရိတ်ကို တတ်နိုင်သောသူ |
| ၅။ | ဂျပန်နိုင်ငံအတွင်း အရေးပေါ်ဆက်သွယ်နိုင်ရန် အသိမိတ်ဆွေရှိသောသူ (ကျောင်းဝင်ခွင့် ရမှသာ လိုအပ်ပါသည်။) |

**လျှောက်လွှာ တင်နည်း**

- **ကျောင်းတင်ရန်လျှောက်လွှာနှင့် လိုအပ်သော စာရွက်စာတမ်းများကို ကိုယ်တိုင်လာရောက် တင်ဆောင်ရန်။(စာတိုက်မှ ပို့ဆောင်ခြင်းမပြုရ)**
  - ❖ လက်ခံဆောင်ရွက်ချိန်- မနက်(၉)နာရီမှ ညနေ(၄)နာရီ
  - ❖ ကျောင်းပိတ်ရက်ဖြစ်ပါက မေးမြန်းစုံစမ်းရန်။

**လိုအပ်သော စာရွက်စာတမ်းများ**

- **ကျောင်းလျှောက်လွှာနှင့်တကွ အောက်ပါစာရွက်စာတမ်းများကို ပူးတွဲတင်ပြရန်။**

| | | |
|---|---|---|
| ၁။ | **ကျောင်းလျှောက်လွှာ** | လျှောက်ထားသူကိုယ်တိုင်မှ မှင်အမဲဖြင့် ကိုယ်တိုင်ဖြည့်စွက်ရန် (အသေးစိတ် Page 8) |
| ၂။ | **ဓါတ်ပုံ(၂)ပုံ** | ကျောင်းလျှောက်လွှာတွင်ကပ်ရန်။(4 cm x 3cm) |
| ၃။ | **တံဆိပ်ခေါင်း (332¥)** | ကျောင်းလျှောက်လွှာတွင်ကပ်ရန်။ |
| ၄။ | **စာမေးပွဲဖြေဆိုခ (25000¥)** | ငွေလွှဲရန်(သို့)လျှောက်လွှာတင်ချိန်တွင် ငွေသားဖြင့်လက်ငင်းပေးချေနိုင်သည်။ |
| ၅။ | **အောင်လက်မှတ်နှင့် အမှတ်စာရင်း** | မိမိနိုင်ငံမှထုတ်ပေးသော အောင်လက်မှတ်နှင့်အမှတ်စာရင်းအား ဂျပန်ဘာသာဖြင့် လျှောက်ထားရန် (လျှောက်ထားသူကိုယ်တိုင်ပြန်ဆိုနိုင်သည်) |
| ၆။ | **ဂျပန်စာအရည်အချင်း ထောက်ခံစာ** | အောက်ပါအချက်တစ်ခုခုကိုတင်ပြရန်<br>(က) ဂျပန်စာသင်တန်းကျောင်းတက်ရောက်နေသူသည် အောင်လက်မှတ်၊ အမှတ်စာရင်း၊ ကျောင်းခေါ်ချိန်နှင့် ကျောင်း သားဖြစ်ကြောင်းထောက်ခံစာ<br>(ခ) ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ N1 (Level 1) (သို့) N2 (Level 2) အောင်လက်မှတ်<br>(ဂ) ဂျပန်တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ(ဂျပန်စာ) ရမှတ်(၂၀၀)ကျော်ရရှိကြောင်း ထောက်ခံစာ<br>(ဃ) BJT Business ဂျပန်စာအရည်အချင်း စာမေးပွဲရမှတ်(၄၀၀)ကျော်ရရှိကြောင်း ထောက်ခံစာ |
| ၇။ | **ကျောင်းလခထောက်ပံ့သူ၏ သက်သေခံ** | ထောက်ပံ့သူ၏ အမည်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ အလုပ်အကိုင်၊ တော်စပ်ပုံ။ (၃ )နှစ်ဝင်ငွေသက်သေခံစာရွက်။ |
| ၈။ | Passport/ နေထိုင်ခွင့်ကတ်ပြား | လျှောက်လွှာတင်ချိန်တွင် ယူဆောင်လာရန် (Copy ကူးယူထားမည်ဖြစ်သည်) |

**ရေးဖြေစာမေးပွဲ**

- နိုင်ငံခြားသားပညာသင်ကျောင်းသားအားလုံးသည် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။
  (ဂျပန်စာ Level-2 အဆင့်ရှိသော ရေးဖြေမေးခွန်းကို မိနစ်(၆၀)ဖြင့် ဖြေဆိုရမည်။)